# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

June 4 , 2026 | Volume 103 , Number 4


၄. ၆. ၂၀၂၆

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၃၈.၅၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၅.၃၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၂၀.၇၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၉၇.၃၀ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၉.၈၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၉၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၆.၅၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၂၂.၃၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၂၆ ကျပ် |


CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ပြည်ပသို့ ပြောင်းတန်ချိန် ၁ သန်းကျော် တင်ပို့မည်




၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်မှာ ပြည်ပကို မြန်မာ့ပြောင်းတန်ချိန် ၁ ဒသမ ၃ သန်းကျော်တင်ပို့နိုင်ဖို့ မျှော်မှန်းထားတယ်လို့ မြန်မာနိုင်ငံပြောင်းလုပ်ငန်းအသင်းက သိရပါတယ်။

လက်ရှိဘဏ္ဍာနှစ်အစောပိုင်းက ပြည်ပကို ပြောင်းတန်ချိန် ၁ သိန်းဝန်းကျင်ခန့် တင်ပို့ထားပြီဖြစ်တယ်လို့ ဆိုပါတယ်။

အခုနှစ် ထိုင်းနိုင်ငံဘက်မှာပြောင်းဈေးကောင်းနေပြီး ပြောင်းတစ်ကီလိုကို ထိုင်းဘတ် ၁၁ ဒသမ ၇ ဘတ်အထိ ဈေးရရှိနေကာ အရင်နှစ်ကာလတူက ပြောင်းတစ်ကီလိုကို ၁၀ ဘတ်ကျော်သာရရှိတယ်လို့ ပြောင်းဈေးကွက်က သိရပါတယ်။

ထိုင်းနိုင်ငံဟာ အမေရိကန်ကနေ ပြောင်းတန်ချိန် ၁ သန်း စတင်ဝယ်ယူဖို့ စာချုပ်ချုပ်ဆိုထားတာကြောင့် ထိုင်းမှာ ပြောင်းဈေးနှုန်းတွေ ကျဆင်းသွားနိုင်ဖွယ်ရှိတယ်လို့ မြန်မာ့ပြောင်းကုန်သည်တချို့က သုံးသပ်နေကြပါတယ်။

မြန်မာနိုင်ငံက စိုက်ပျိုးထုတ်လုပ်တဲ့ပြောင်းတွေကို ထိုင်းတစ်နိုင်ငံတည်းသာမက အာဆီယံဒေသတွင်းနိုင်ငံတွေကလည်း ဈေးကွက်ဝယ်လိုအားရှိပေမဲ့ ထိုင်းက ဈေးအမြင့်ဆုံးပေးဝယ်နေတာပါ။ထိုင်းဘက်က ဝယ်လိုအားကျသွားရင် တခြားနိုင်ငံတွေဆီ ပိုမိုတိုးမြှင့်တင်ပို့မှာဖြစ်တယ်လို့ မြန်မာနိုင်ငံပြောင်းလုပ်ငန်းအသင်း အထွေထွေအတွင်းရေးမှူး ဒေါက်တာဖြိုးကိုကိုနိုင်က ပြောပါတယ်။

လက်ရှိမှာ မြန်မာ့ပြောင်းဆန်တွေကို ထိုင်းနဲ့ဖိလစ်ပိုင် ဈေးကွက်တွေဆီ အများဆုံးတင်ပို့နေပြီး အိန္ဒိယနိုင်ငံကတော့ နိုင်ငံတွင်းလိုအပ်ချက်ပေါ်မူတည်ကာ ဝယ်ယူနေတာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ၂၀၂၅- ၂၀၂၆ ဘဏ္ဍာနှစ်က ပြည်ပကို ပြောင်းတန်ချိန် ၁ ဒသမ ၃ သန်းခန့် တင်ပို့နိုင်တယ်လို့ မြန်မာနိုင်ငံပြောင်း လုပ်ငန်းအသင်းက သိရပါ တယ်။

**Source :** https://onenewstvchannel.com/

## မဒေးကျွန်းတွင် တည်ဆောက်နေသည့် ရေချိုလှောင်ကန်၌ လာမည့်နှစ်မှသာ စတင်သိုလှောင်နိုင်ဖွယ်ရှိ



ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်ရှိ မဒေးကျွန်းပေါ်တွင် ရေလှောင်ကန် ၂ ခုကို တည်ဆောက်နေပြီး အဆိုပါ ရေချိုလှောင်ကန်၌ လာမည့်နှစ်မှသာ စတင်၍ သိုလှောင်နိုင်ဖွယ်ရှိကြောင်း ကျောက်ဖြူမှ စီးပွားရေး လုပ်ငန်းရှင်တစ်ဦးကပြောသည်။

"ရေချိုလှောင်ကန်တစ်ခု အရင်ဆောက်နေတယ်၊ တခြားစာရွက်စာတမ်းကိစ္စတွေ လုပ်စရာရှိတာတွေတော့ လုပ်နေကြတယ်၊ ရေချိုလှောင်ကန်ရဲ့ စီမံကိန်းကတော့ တစ်နှစ်ပေါ့နော်၊ ဖြစ်နိုင်ရင်တော့ ဒီမိုးကို အပြီးလုပ်နေတာဆိုပေမဲ့ မပြီးနိုင်ပါဘူး၊ လာမဲ့မိုးလောက်မှပဲ ရေစပြီးတော့ သိုလှောင်နိုင်မှာ၊ ပြီးတာတော့ စောစောစီးစီးပြီးမှာပေါ့၊ မိုးရွာမှရေလှောင်ရမှာလေ"ဟုပြောသည်။

အဆိုပါ ရေလှောင်ကန်တည်ဆောက်မည့် မဒေးကျွန်းပေါ်ရှိ မြေနေရာများအတွက် ဒေသခံများကို ပြီးခဲ့သည့် ၂၀၂၅ ခုနှစ် လျော်ကြေးငွေများပေးအပ်ခဲ့ပြီး မြေရာရှင်းလင်းမှုများ ဆောင်ရွက်ခဲ့ကာ လက်ရှိတွင် ရေချို လှောင်ကန်များစတင်တည်ဆောက်နေပြီဖြစ်ကြောင်းသိရသည်။

ရေလှောင်ကန် ၂ ခုမှာ ကျောက်တန်း ၁ ရေချိုလှောင်ကန်နှင့် ကျောက်တန်း ၂ ရေချိုလှောင်ကန်တို့ဖြစ်ပြီး ငွေကျပ် ၄ ဘီလီယံခန့်အသုံးပြုကာတည်ဆောက်နေခြင်းဖြစ်ကြောင်းလည်းသိရသည်။

" မဒေးကျွန်းကတော့ လုံခြုံရေးအခြေအနေကလည်း အေးအေးဆေးဆေးပဲ၊ လောင်စာဆီကိုလည်း ရန်ကုန်ကနေအားလုံး သယ်ထားပြီးပြီ၊ ယန္တရားတွေလည်းရောက်နေပြီ ၊ ကုန်ကြမ်းတွေက အဲဒီကျွန်းပေါ်မှာကိုရှိတယ်၊ လောင်စာဆီကိုလည်း ရန်ကုန်ကနေ အားလုံးသယ်ထားပြီးပြီ၊ ယန္တရားတွေလည်း ရောက်နေပြီ၊ ကုန်ကြမ်းတွေက အဲဒီကျွန်းပေါ်မှာကိုရှိတယ်၊ ဘယ်အချိန်အပြီးသတ်မလဲဆိုတာတော့ပြောရခက်တယ်"ဟုဝင်းကပြောသည်။

ရေလှောင်ကန်တည်ဆောက်ရေးသည် ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်း၏ ကနဦးလုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး အကောင်အထည်ဖော်တည်ဆောက်ပြီးစီးပါက ကုန်တင်သင်္ဘောကြီးများနှင့်ရေနံတင်သင်္ဘောကြီးများထံ ရေချိုရောင်းချခြင်းဖြင့် နိုင်ငံခြားငွေရရှိနိုင်ကြောင်း သိရသည်။

**Source :** https://www.npnewsmm.com/

## မုံရွာမြို့နယ်တွင် ရွှေဖရုံသီးစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိနေ



စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ ညောင်ဖြူပင်၊ သစ်စိမ့်၊ ထနောင်းတော ကျေးရွာတွင် နှမ်းနှင့်ပဲမျိုးစုံသီးနှံများကို အဓိကစိုက်ပျိုးကြပြီး ဟင်းသီးဟင်းရွက်သီးနှံများလည်းတစ်နိုင်တစ်ပိုင်စိုက်ပျိုးလျက်ရှိရာ ညောင်ဖြူပင်ကျေးရွာတွင် ရွှေဖရုံသီး စိုက်ဧက ၅ ဧကခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

ရွှေဖရုံသီးကို ဇူလိုင်လတွင် စတင်စိုက်ပျိုး၍ အောက်တိုဘာလတွင် အသီး

ရင့်မှည့်ကာ ခူးဆွတ်နိုင်ကြောင်း၊ မျိုးအနေဖြင့် အလုံးပြား ရွှေဖရုံသီးမျိုးကို စိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုးစေ့ ၁၀၀ ဂရမ်ပါ အထုပ် ၁၆ ထုပ်ခန့်ကုန်ကျကြောင်း၊ စိုက်ပျိုးရာတွင် မြေအောက်ရေတင်စနစ်ဖြင့် စိုက်ပျိုးပြီး တစ်ပေခွဲအကွာ ကျင်းများတူး၍ အစေ့ချစိုက်ပျိုးရကြောင်း၊ စိုက်ပျိုးမှု ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် တစ်ဧကလျှင် ငွေကျပ် ၁၅ သိန်းခန့် ကုန်ကျကြောင်း၊ အထွက် နှုန်းအနေဖြင့် တစ်ဧကလျှင် အလုံးရေ ၁၀၀၀-၁၅၀၀ ခန့် ထွက်ရှိပြီး ဈေးနှုန်းအနေဖြင့် မေလ စတုတ္ထပတ်တွင် ရွှေဖရုံသီး တစ်လုံးလျှင် အကြီး၊ အသေးအပေါ်မူတည်၍ လက်ကားဈေး ငွေကျပ် ၁၀၀၀-၂၀၀၀- ၃၀၀၀- ၄၀၀၀ ဖြင့် ရောင်းချလျက်ရှိကြောင်း၊ အကျိုးအမြတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ် ၁၄ သိန်းခန့်ရရှိကြောင်း၊ ဈေးကွက် အနေဖြင့် လက်လီလက်ကား ကုန်စိမ်းသည်များမှ စိုက်ခင်းအထိ လာရောက်ဝယ်ယူကြပြီး မုံရွာမြို့ပေါ်ရှိ ကုန်စိမ်းပွဲရုံ များသို့ တင်ပို့ရောင်းချကြကြောင်း၊ ရွှေဖရုံသီးပင် စိုက်ပျိုးခြင်းသည် အသီးများသာမက အညွန့် (အရွက်)များပါ ရောင်းချရသောကြောင့် အပိုဝင်ငွေများရရှိပြီး ယခုနှစ်တွင်ဈေးနှုန်းကောင်းမွန်သောကြောင့်တောင်သူများအနေဖြင့်အကျိုးအမြတ်များပိုမိုရရှိကာ အဆင် ပြေလျက်ရှိကြောင်း သိရသည်။

**Source : DOCA(စစ်ကိုင်း)**

## ကနီမြို့နယ်၌ ငှက်ပျောစိုက်ပျိုးခြင်းဖြင့် တောင်သူများ အကျိုးအမြတ်ရရှိ



စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမြို့နယ်တွင် နှမ်း၊ ပဲမျိုးစုံ၊ ပန်းမျိုးစုံနှင့် စားဖိုဆောင်သီးနှံများ စိုက်ပျိုးသည့်အပြင် ဥယျာဉ်ခြံမြေသီးနှံများကို လည်း စီးပွားဖြစ်စိုက်ပျိုးကြပြီး ကနီမြို့နယ်တွင် ငှက်ပျောစိုက်ဧက ၃ ကျော် စိုက်ပျိုးထားရှိကြောင်း သိရသည်။

ငှက်ပျောသီးနှံကို ဇူလိုင်လတွင် စိုက်ပျိုး၍ စိုက်ပျိုးပြီးတစ်နှစ်ကျော် အကြာ စက်တင်ဘာလတွင် လှိုင်လှိုင်ထွက်ပေါ်ကြောင်း၊ မျိုးအနေဖြင့် ဖီးကြမ်းငှက်ပျောမျိုးကို အများဆုံးစိုက်ပျိုးကြပြီး ငှက် ပျောစိုက်ပျိုးရာတွင် ငှက်ပျောသားတက်များကိုတူးယူ၍ ၃-၄ ရက်ခန့် အခြောက်ခံကာ စိုက်ပျိုးရပြီး တစ်ဧက လျှင် ငှက်ပျောသားတက် ၇၀၀-၈၀၀ ခန့် စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခ၊ ငှက်ပျောသားတက် ရှင်းလင်းခြင်းအပါအဝင် တစ်ဧကလျှင် ငွေကျပ် သိန်း ၁၀ ခန့်ကုန်ကျပြီး အထွက်နှုန်းအနေဖြင့် ငှက်ပျောခိုင် ၁၈၀၀-၂၀၀၀ ခန့်ထွက်ရှိ၍ တစ်ခိုင်လျှင် ရောင်းတန်းဝင် ငှက်ပျောဖီး ၄-၅ ဖီးခန့်ရရှိကြောင်း၊ ဈေးနှုန်း အနေဖြင့် မေလ စတုတ္ထပတ်တွင် ဖီးကြမ်းငှက်ပျောတစ်ဖီးလျှင် ရောင်းတန်းဝင် တစ်ဖီးလျှင် ၂၀၀၀-၃၀၀၀ ကျပ်၊ အဖျား တစ်ဖီးလျှင် ၁၀၀၀-၁၂၀၀ ကျပ်နှုန်းဖြင့် ရောင်းချရပြီး အကျိုးအမြတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ် ၂၀ သိန်းကျော်ခန့် ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် မုံရွာမြို့ပေါ်ရှိ ငှက်ပျောပွဲရုံများ၊ သစ်သီးဆိုင်များသို့ တင်ပို့ရောင်းချကြောင်း၊ ယခုနှစ်တွင် ငှက်ပျောသီးဈေးနှုန်းများ ကောင်းမွန်သောကြောင့် တောင်သူများအနေဖြင့် အကျိုးအမြတ်များရရှိကြောင်းသိရသည်။

**Source : DOCA(စစ်ကိုင်း)**

## ကမ္ဘောဒီးယားနိုင်ငံ၏ ဆန်တင်ပို့မှု ၃၀ ရာခိုင်နှုန်း နီးပါးမြင့်တက်

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၆ ခုနှစ်၊ ပထမ ၄ လ အတွင်း အမေရိကန်ဒေါ်လာ ၂၆၆ သန်းကျော် တန်ဖိုးရှိ ဆန်တန်ချိန် ၄၇၀,၀၀၀ နီးပါး တင်ပို့ခဲ့ပြီး ယမန်နှစ် ကာလတူနှင့် နှိုင်းယှဉ်ပါက ၃၀ ရာခိုင်နှုန်း နီးပါး ပိုမိုမြင့်တက်လာကြောင်း၊ ပို့ကုန်ကုမ္ပဏီ ၆၁ ခုက နိုင်ငံပေါင်း ၆၀ သို့ တင်ပို့ခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ်၊ ပထမ ၄ လတွင် ဆန်တန်ချိန် ၂၈၂,၃၁၅ တန်ဖိုး အမေရိကန် ဒေါ်လာ ၂၀၉ ဒသမ ၂၂ သန်း ရရှိခဲ့ကြောင်း ကမ္ဘောဒီးယားဆန်စပါးအဖွဲ့ချုပ် (CRF) က ထုတ်ပြန်သည့် အစီရင်ခံစာအရ သိရသည်။

၂၀၂၆ ခုနှစ်၊ ပထမ ၄ လအတွင်း ကမ္ဘောဒီးယားဆန်အဓိကတင်သွင်းသောနိုင်ငံများမှာ တရုတ် (ဆန်တန်ချိန် ၁၂၉,၃၃၂၊ အမေရိကန်ဒေါ်လာ ၇၅ ဒသမ၈၈ သန်း)၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ (ဆန်တန်ချိန် ၁၇၇,၇၆၁၊ အမေရိကန်ဒေါ်လာ ၇၂ ဒသမ၁၄ သန်း)၊ ဥရောပနိုင်ငံများ (ဆန်တန်ချိန် ၁၂၆,၁၀၈၊ အမေရိကန်ဒေါ်လာ ၈၅ ဒသမ ၄၄ သန်း) နှင့် အခြားဈေးကွက်များဖြစ်ကြောင်း သိရသည်။

အများဆုံးတင်ပို့ခဲ့ရသည့်ဆန်အမျိုးအစားများမှာ ဆန်မွှေး ၅၈ ဒသမ ၆၆ ရာခိုင်နှုန်း၊ ဆန်ဖြူ ၂၁ ဒသမ ၃၈ ရာခိုင်နှုန်း၊ ပေါင်းဆန် ၁ ဒသမ ၆၉ ရာခိုင်နှုန်း၊ သဘာဝ ဓာတ်မြေဩဇာသုံး (အော်ဂဲနစ်) ဆန် သုည ဒသမ ၈၉ ရာခိုင်နှုန်း ၊ ဆန်ကွဲ ၁၇ ဒသမ ၁၈ ရာခိုင်နှုန်းနှင့် အခြားဆန်အမျိုးအစား သုည ဒသမ ၂ ရာခိုင်နှုန်းတို့ဖြစ်ကြောင်း၊ ကမ္ဘောဒီးယားသည် စပါးတန်ချိန် ၂,၆၈၀,၈၉၁ တင်ပို့ခဲ့သော်လည်း ယင်းပမာဏမှာ ၂၀၂၅ ခုနှစ်၊ ပထမ ၄ လအတွင်း တင်ပို့ခဲ့သည့် စပါးတန်ချိန် ၃,၀၃၁,၄၃၁ နှင့် နှိုင်းယှဉ်ပါကကျဆင်းသွားခဲ့ခြင်းဖြစ်ကြောင်း၊ စပါးတင်ပို့မှုမှ ရရှိသည့်ဝင်ငွေမှာလည်း ယခင် အမေရိကန်ဒေါ်လာ ၇၂၃ ဒသမ ၀၅ သန်းရှိခဲ့ရာ ယခုအခါ အမေရိကန်ဒေါ်လာ ၅၇၆ ဒသမ ၁ သန်းသို့ လျော့ကျသွားခဲ့ကြောင်း သိရသည်။

ကမ္ဘောဒီးယား၊စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးချမ်နီမိုးလ်(ChamNimul)က ကမ္ဘောဒီးယားဆန်စပါးအဖွဲ့ချုပ် (CRF)၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုကြောင့် ကမ္ဘောဒီးယားအနေဖြင့် ဆန်စပါးအမြောက်အမြား ပိုလျှံစွာထုတ်လုပ်နိုင်သည့် နိုင်ငံတစ်ခုအဖြစ်သို့ ပြောင်းလဲလာနိုင်ခဲ့ပြီဖြစ်ကြောင်း၊ တရုတ်သို့ ဆန်တန်ချိန် ၅၀၀,၀၀၀ တင်ပို့ရန် နားလည်မှုစာချွန်လွှာရေးထိုးထားပြီး အင်ဒိုနီးရှားသို့ ဆန်တန်ချိန် ၃၇,၅၀၀ နှင့် တီမောလက်စ်တေ (အရှေ့တီမော) နိုင်ငံသို့ ဆန်တန်ချိန် ၄,၀၀၀ ကို ဂရင်းထရိတ် (Green Trade) ကုမ္ပဏီမှတစ်ဆင့်တင်ပို့သွားမည်ဖြစ်ကြောင်း၊ ဆန်စပါးသည် ကမ္ဘောဒီးယား၏ အဓိကစားနပ်ရိက္ခာနှင့် အာဟာရဓာတ်ဖူလုံမှုအတွက် မဟာဗျူဟာမြောက်သီးနှံဖြစ်ပြီး၊ ဦးစားပေး ပြည်ပပို့ကုန်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၅ ခုနှစ်တွင် ဆန်တန်ချိန် ၉၄၀,၃၂၁ ဖြင့် ၄၅ ဒသမ ၅၉ ရာခိုင်နှုန်းတိုးတက်တင်ပို့ခဲ့ပြီး ဝင်ငွေ အမေရိကန်ဒေါ်လာ ၆၀၂ ဒသမ ၄၁ သန်းဖြင့် ၂၂ ဒသမ ၆၄ ရာခိုင်နှုန်း တိုးမြှင့်ရရှိခဲ့ကြောင်း သိရသည်။

**Source :** **https://borneobulletin.com**

https://commerce.gov.mm/

## ဗီယက်နမ်အနေဖြင့် ၂၀၂၆ ခုနှစ်၌ ဆန်တန်ချိန် ၃ ဒသမ ၉ သန်းခန့် တင်သွင်းရဖွယ်ရှိ



အမေရိကန် စိုက်ပျိုးရေးဌာန (USDA)က နောက်ဆုံးထုတ်ပြန်ခဲ့သော ကမ္ဘာလုံးဆိုင်ရာ ဆန်ကုန်သွယ်မှု အစီရင်ခံစာ၌ ဖော်ပြချက်အရ ၂၀၂၆ ခုနှစ်တွင် ဗီယက်နမ်သည် ဆန်တန်ချိန် ၃ ဒသမ၉ သန်းခန့် တင်သွင်းရဖွယ်ရှိပြီး ဖိလစ်ပိုင်နိုင်ငံ၏နောက်၌ ကမ္ဘာ့ဒုတိယအကြီးဆုံးဆန်တင်သွင်းသူ ဖြစ်လာနိုင်ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံနှင့် ကုန်သွယ်မှုတိုးချဲ့လုပ်ဆောင်ခြင်းက ဗီယက်နမ်၏ ဆန်တင်သွင်းမှုကို သိသာစွာ မြင့်တက်လာစေကြောင်း USDA က ပြောဆိုထားသည်။

ယခုနှစ် ပထမလေးလ အတွင်း ဗီယက်နမ်နိုင်ငံသည် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၆၁၃ သန်းခန့်ရှိသော ဆန်တန်ချိန် ၁ ဒသမ ၅ သန်းကို တင်သွင်းထားပြီးဖြစ်သည်။

ထိုသို့ ဆန်တင်သွင်းမှု တိုးတက်လာသည့် အပြင် ဆန်တင်ပို့မှုမှာလည်း မြင့်တက်လာခဲ့ရာ အဆိုပါကာလအတွင်း ဆန်တန်ချိန် ၃ ဒသမ ၃ သန်း တင်ပို့မှုမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၇ ဘီလီယံရရှိခဲ့သည်။

ရလဒ်အားဖြင့် ဗီယက်နမ်သည် ဆန်ကုန်သွယ်မှုမှ အသားတင်ဝင်ငွေ ဒေါ်လာ ၉၅၇ သန်း စံချိန်တင်ရရှိထားပြီး ယခင်နှစ်ကာလတူထက် ၅ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။

Tây Ninh ပြည်နယ် စက်မှုနှင့်ကုန်သွယ်ရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး Chau Thi Le က သီးနှံရိတ်သိမ်းသည့် ရာသီကာလများအတွင်း ကမ္ဘောဒီးယားဘက်မှ စပါးပမာဏအမြောက်အမြားကို Tây Ninh နှင့် An Giang တို့ကဲ့သို့သော နယ်စပ်ဒေသပြည်နယ်များကို ဖြတ်သန်းလျက် ဗီယက်နမ်ဘက်သို့ သယ်ယူပို့ဆောင်လျက်ရှိကြောင်း၊ ထိုသို့တင်သွင်းလာသည့် စပါးများစွာသည် ဗီယက်နမ်ကုန်သည်များက ကမ္ဘောဒီးယားဘက်ခြမ်းတွင် လယ်ယာမြေများ ငှားရမ်းလျက် မျိုးစေ့နှင့် မြေဩဇာများ ထောက်ပံ့၍ စိုက်ပျိုးပြီး ရိတ်သိမ်းထွက်ရှိသည့်အခါ ဗီယက်နမ်သို့ ပြန်လည် ပို့ဆောင်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကမ္ဘောဒီယားနိုင်ငံဘက်မှ တင်သွင်းလာသည့် ဆန်နှင့်စပါးများကို နှစ်ကာလများစွာကြာသည့်တိုင် တရားဝင် စာရင်းဇယားများတွင် အပြည့်အဝ ရေးသွင်းနိုင်ခြင်းမရှိကြောင်း၊ သို့သော် ထိုသို့ တင်သွင်းမှုသည် ပြည်တွင်း ဆန်စားသုံးမှုအပေါ် သက်ရောက်မှု အနည်းငယ်သာရှိသည်ဟု ဗီယက်နမ်စားသောက်ကုန်အသင်းက ပြောဆိုထားကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ပထမလေးလ၌ ကမ္ဘောဒီးယားနိုင်ငံမှ စပါးတန်ချိန် ၆၃၃,၀၀၀ ခန့်ကို တင်သွင်းထားပြီး ၎င်းတို့အနက် အများစုသည် OM 5451 စပါးမျိုးဖြစ်ကြောင်း ဗီယက်နမ် စားသောက်ကုန်အသင်းက ပြောဆိုခဲ့သည်။

ပြည်တွင်း ဈေးကွက်ဝယ်လိုအားနည်းပါးပြီး ဈေးနှုန်း နိမ့်ကျမှုအရ ယခုအခါ ဗီယက်နမ်ပြည်တွင်း၌ OM 5451 စပါးမျိုးကို စိုက်ပျိုးမှုမှာ အလွန်နည်းပါးလျက်ရှိပြီး ကမ္ဘောဒီးယားမှ တင်သွင်းသော ၎င်းစပါးများကို ပြည်ပသို့ ပြန်လည်တင်ပို့ရန်အတွက် ကြိတ်ခွဲပြုပြင်ခြင်းဖြစ်သည်။

ထိုသို့ ပြည်ပမှ ဆန်စပါးများ တင်သွင်းနေရခြင်းကို စိုးရိမ်ဖွယ် အကြောင်းတစ်ရပ်အဖြစ် မဟုတ်ဘဲ ဗီယက်နမ် စီးပွားရေးလုပ်ငန်းရှင်များအတွက်အကျိုးဖြစ်ထွန်းစေသည့် အပြုသဘောဆောင်သောတိုးတက်မှုတစ်ရပ်အဖြစ် ဗီယက်နမ်စားသောက်ကုန်အသင်းမှ ကိုယ်စားလှယ်များက ပြောဆိုခဲ့ကြသည်။

အိမ်နီးချင်းနိုင်ငံ၌ စိုက်ပျိုးထုတ်လုပ်မှုစရိတ်နည်းပါးခြင်းက ဗီယက်နမ်လယ်သမားများနှင့် ကုမ္ပဏီများကို မြေငှားရမ်း၍ စိုက်ပျိုးစေရန်တွန်းအားပေးလျက်ရှိရာကမ္ဘောဒီးယားထံမှဆန်စပါးများတင်သွင်းမှုမှာဆက်လက်တိုးတက်ဖွယ်ရှိသည်ဟု ခန့်မှန်းရသည်။

**Source: dantri.com.vn,22 May2026**

(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)

# STOCK EXCHANGE (4.6.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 4th Jun. 2026

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 69,750 (Shares) | 426,025,150 (MMK) |

### Stock trading

| Name | Code | Close | Change | %Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 17,000 | +500 | +3.03% | 17,000 | 17,000 | 16,500 | 2,544 | 42,748,000 | 33,109,694 | 562,865 |
| MTSH | 00002 | 8,000 | +0 | +0.00% | 8,000 | 8,100 | 8,000 | 1,841 | 14,776,000 | 38,929,150 | 311,433 |
| MCB | 00003 | 12,500 | +500 | +4.17% | 12,000 | 12,500 | 12,000 | 666 | 8,075,000 | 10,400,986 | 130,012 |
| FPB | 00004 | 7,000 | +1,000 | +16.67% | 6,000 | 7,000 | 6,000 | 3,536 | 22,818,600 | 31,144,738 | 218,013 |
| TMH | 00005 | 3,700 | +300 | +8.82% | 3,500 | 3,700 | 3,500 | 45 | 164,700 | 12,823,224 | 47,446 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,750 | 8,567 | 14,992,250 | 19,977,223 | 34,960 |
| AMATA | 00007 | 4,000 | +0 | +0.00% | 4,000 | 4,100 | 4,000 | 8 | 32,100 | 10,497,598 | 41,990 |
| MAEX | 00008 | 5,300 | +400 | +8.16% | 5,000 | 5,300 | 5,000 | 3,043 | 15,418,500 | 23,804,946 | 126,166 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 4th Jun. 2026

### Today's summary

| Index name | Close | Change | %Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 776.48 | +34.93 | +4.71% | 742.80 | 778.53 | 742.80 | 20,250 | 119,025,150 | 8 | 1,472,885 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 12:00 pm, 5th Jun. 2026

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 17,366 (Shares) | 89,061,500 (MMK) |

| MYANPIX | 816.35 ▲ 39.87 |
|---|---|
| Total Volume (shares) | 17,366 |
| Total Value (MMK) | 89 mil |
| Listed Company | 8 |
| Market Cap. (MMK) | 1,548,514 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 17,500 | ▲ 500 |
| MTSH | 00002 | 8,500 | ▲ 500 |
| MCB | 00003 | 13,500 | ▲ 1,000 |
| FPB | 00004 | 7,600 | ▲ 600 |
| TMH | 00005 | 3,700 | ▲ 0 |
| EFR | 00006 | 1,800 | ▲ 50 |
| AMATA | 00007 | 4,000 | ▲ 0 |
| MAEX | 00008 | 5,700 | ▲ 400 |